# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

April 29, 2020 Volume 30, Number 15


| ၂၉.၄.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၁၁ -US$ |
| မြန်မာ့ရွှေဈေး | = Close |
| ဒေါ်လာဈေး | = ၁၄၂၀/- ကျပ် |
| CBM Rate | = ၁၄၁၈.၃ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၄၁.၀- ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၀၃.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၆၄.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၃၁.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၂၅.၇၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၀၀.၄၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၇၄၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၆.၄၄ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၆.၅၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၇၈၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၈
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## လတ်တလော လည်ပတ်နိုင်ခြင်းမရှိသေးသည့် နိုင်ငံပိုင်စက်ရုံများတွင် COVID– 19 အတွက် လိုအပ်သည့် ဆေးပစ္စည်းများထုတ်လုပ်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ထားပြီဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား




လတ်တလော လည်ပတ်နိုင်ခြင်းမရှိသည့် နိုင်ငံပိုင်စက်ရုံများတွင် COVID– 19 အတွက် လိုအပ်သည့် ဆေးပစ္စည်းများထုတ်လုပ်နိုင်ရန် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ထားပြီဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးသောင်းထွန်းက ပြောကြားသည်။ COIVD– 19 ကပ်ရောဂါကြောင့် လိုအပ်သည့် ဆေးဝါးနှင့်ဆေးပစ္စည်းများကို နိုင်ငံတကာဈေးကွက်မှ ဝယ်ယူလျက်ရှိသကဲ့သို့ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံနှင့် နှာခေါင်းစည်းများကိုလည်း ပြည်တွင်းထုတ်လုပ်သူများထံမှဝယ်ယူနိုင်ရေး ဆောင်ရွက်ထားပြီဖြစ်ကြောင်းလည်း ပြည်ထောင်စုဝန်ကြီးဦးသောင်းထွန်းရေးသားသည့် "ကပ်ရောဂါတိုက်ဖျက်ဖို့ တစ်နိုင်ငံလုံးပူးပေါင်းပါဝင်ကြပါစို့" ဆောင်းပါးတွင်ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပွားလျက်ရှိသည့် COVID– 19 ကပ်ရောဂါကို ကာကွယ်၊ ကုသထိန်းချုပ်နိုင်ရေးအတွက် COVID– 19 ရောဂါစမ်းသပ်ရေးကိရိယာများ၊ အသက်ရှူစက်များ ပိုမိုထောက်ပံ့ပေးနိုင်ရေး ဆေးရုံနှင့်ဆေးခန်းများ တည်ဆောက်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ COVID– 19 ရောဂါစမ်းသပ်ရေးကိရိယာ Cobas 6800 ကို ယခုအပတ်အတွင်း အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်းနှင့် ရန်ကုန်မြို့ရှိ အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းတွင် တစ်ရက်လျှင် လူဦးရေ ၁၀၀၀ ကျော် စမ်းသပ်နိုင်တော့မည်ဖြစ်ကြောင်းသိရသည်။ COVID– 19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများအား အရေးကြီးကုန်စည်အဖြစ်သတ်မှတ်လိုက်ပြီး ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင် ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ဈေးကစားရန်ရည်ရွယ်ချက်ဖြင့်

သို့လှောင်ခြင်းများကို တားမြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ် ၂၁/၂၀၂၀၊ ၂၀၂၀ ပြည့်နှစ် မတ် ၃၀ ရက်စွဲဖြင့် ထုတ်ပြန်လိုက်သည်။

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၂၀ မတ် ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၂၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အဆိုပါအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်းသိရသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့်ဝန် ဆောင်မှုဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(က)အရ Coronavirus Disease 2019 (COVID– 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများ၊ စားသုံးကုန်ပစ္စည်းများကို အရေးကြီးကုန်စည်များအဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်သည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် အပိုဒ် ၁ ပါ ကုန်စည်များကို ဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းကို ယခုအမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ တားမြစ်လိုက်ကြောင်း အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည်။ အပိုဒ် ၁ ပါ သတ်မှတ်ထားသည့်ကုန်စည်များကို ဈေးကွက်အတွင်းဈေးနှုန်း မြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းများ ဆောင်ရွက်နေသည်ကို စိစစ်တွေ့ရှိပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ အရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည်။

**Source:** https://news-eleven.com/article/171124

## COVID-19 ဖြစ်ပွားနေစဉ် ကာလအတွင်း ဆေးနှင့်ဆေးပစ္စည်း၊ စက်ကိရိယာပစ္စည်းများဝယ်ယူရာ၌ မြန်ဆန်စေရန် သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို အထူးအခြေအနေတစ်ရပ်အဖြစ် ဖြေလျှော့ပေးထားကြောင်း ပြည်ထောင်စုဝန်ကြီးပြောကြား



COVID-19 ရောဂါဖြစ်ပွားနေစဉ် ကာလအတွင်း ဆေးနှင့်ဆေးပစ္စည်း၊ စက်ကိရိယာပစ္စည်းများ ဝယ်ယူရာ၌ မြန်ဆန်စေရန် သတ်မှတ်စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများကို အထူးအခြေအနေတစ်ရပ်အဖြစ် ဖြေလျှော့ပေးထားကြောင်း COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ဆေးနှင့်ဆေးပစ္စည်းဝယ်ယူဖြန့်ဖြူးရေးကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်နေသူများအား အသိအမှတ်ပြု အားပေးစကားပြောကြားရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ထည့်သွင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ကမ္ဘာ့ကပ်ရောဂါ COVID-19 ဖြစ်ပွားနေစဉ်ကာလတွင် ကိုယ်တိုင်ရောဂါ ကူးစက်ခံရနိုင်ချေများရှိသော်လည်း အများပြည်သူ ရုံးပိတ်ရက်များပါမကျန် ၂၄ နာရီပတ်လုံး ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား အစွမ်းကုန်ကြိုးပမ်းအားထုတ်ဆောင်ရွက်နေသည့် ဝန်ထမ်းများအားလုံးကို အသိအမှတ်ပြု ချီးကျူးပါကြောင်း၊ ဝန်ကြီးဌာနရှိ ဦးစီးဌာနအားလုံးမှ နိုင်ငံတစ်ဝန်းလုံးရှိ ကျန်းမာရေး ဝန်ထမ်းများသည် အရင်းအမြစ်များ အကန့်အသတ်ရှိနေသည့်ကြားမှ COVID-19 ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများတွင် ပြည်သူများအတွက် အကျိုးပြုလိုစိတ်၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးသူများ၏ ကျင့်ဝတ်များနှင့်အညီ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေကြခြင်း ဖြစ်ကြောင်း၊ COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများအတွက် လိုအပ်သောဆေးနှင့်ဆေးပစ္စည်းများ၊ စက်ကိရိယာများ၊ ရောဂါကာကွယ်ရေးဝတ်စုံနှင့် အသုံးအဆောင်များကိုရရှိနိုင်ရေးအတွက် ကြိုးပမ်းဝယ်ယူမှု၊ တိုင်းဒေသကြီးပြည်နယ်များ၊ ဆေးရုံများသို့ ပို့ဆောင်ဖြန့်ဖြူးမှုများ လုပ်ဆောင်နေသူများအားလည်း ကျေးဇူးတင်ရှိကြောင်းပြောကြားသည်။

ထို့ပြင် ဝန်ကြီးဌာနရှိဦးစီးဌာနအားလုံးမှ နိုင်ငံတစ်ဝန်းလုံးရှိ ကျန်းမာရေးဝန်ထမ်းများသည် အရင်းအမြစ်များ အကန့်အသတ်ရှိနေသည့်ကြားမှ COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် ပြည်သူများအတွက် အကျိုးပြု

လိုစိတ် ကျန်းမာရေး စောင့်ရှောက်မှုပေးသူများ၏ ကျင့်ဝတ်များနှင့်အညီ ကြိုးပမ်းဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ COVID-19 ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများအတွက် လိုအပ်သောဆေးနှင့်ဆေးပစ္စည်းများ၊ စက်ကိရိယာများ၊ ရောဂါကာကွယ်ရေးဝတ်စုံနှင့် အသုံးအဆောင်များကို ရရှိနိုင်ရေးအတွက် ကြိုးပမ်းဝယ်ယူမှု၊ တိုင်းဒေသကြီးပြည်နယ်များ၊ ဆေးရုံများသို့ ပို့ဆောင်ဖြန့်ဖြူးမှုများ လုပ်ဆောင်နေသူများအားလည်း ကျေးဇူးတင်ရှိကြောင်းနှင့် နိုင်ငံတော်မှလည်း ဆေးနှင့် ဆေးပစ္စည်း၊ စက်ကိရိယာပစ္စည်းများဝယ်ယူရရှိရေး မြန်ဆန်စေရန်အတွက် သတ်မှတ်စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများကို အထူးအခြေအနေတစ်ရပ်အဖြစ် ဖြေလျှော့ပေးခဲ့ကြောင်းလည်းပြောကြားသည်။ COVID-19 ကူးစက်ရောဂါဖြစ်ပွားနေစဉ် ကာလအတွင်း N95 Faceb Mask အပါအဝင် ဆေးပစ္စည်းခြောက်မျိုးကို တင်သွင်းခွင့်လျှောက်ထားရန် ယာယီဖြေလျှော့ ပေးထားကြောင်း မြန်မာနိုင်ငံ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနမှသိရသည်။

ယခင်သတ်မှတ်ထားသော အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် ဆေးပစ္စည်းတင်သွင်းခွင့်လျှောက်ထားရန်မလိုအပ်သောဆေးပစ္စည်းများအပြင် COVID-19 ကူးစက်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း N95 Face Mask၊ Thermal Scanner၊ Thermometer (Digital Thermometer and Non-Contact Infrared Thermometer)၊ Examination Gloves၊ Biosafety Cabinet၊ Autoclave တို့ကို တင်သွင်းခွင့်လျှောက်ထားရန် ယာယီမလိုအပ်သော ဆေးပစ္စည်းများအဖြစ် ထပ်မံဖြေလျှော့ပေးထားကြောင်းသိရသည်။

**Source:** https://news-eleven.com/article/170379

## COVID- 19 ရောဂါကြောင့် ပင်လယ်ပြင်ထွက်ဖမ်းသည့် ငါးဖမ်းလုပ်ငန်းတွင် ဖမ်းမိသည့်ငါးများကို ကမ်းကပ်၍ ရောင်းသည့်အခါ ဈေးကျပြီး ဝယ်လိုအားလျော့နည်းဟုဆို



COVID- 19 ရောဂါကြောင့် ပင်လယ်ပြင်ထွက်ဖမ်းသည့် ငါးဖမ်းလုပ်ငန်းတွင် ဖမ်းမိသည့်ငါးများကို ကမ်းကပ်၍ ရောင်းသည့်အခါ ဈေးကျပြီး ဝယ်လိုအားလည်းလျော့နည်းကြောင်း ဧပြီ ၂၇ ရက်တွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က The Daily Eleven သတင်းစာသို့ ပြောကြားသည်။

"ငါးလုပ်ငန်းရဲ့ ဖမ်းဆီးရေးအပိုင်းမှာဆိုရင် အခုပင်လယ်ထဲကို ထွက်ပြီးတော့ ကမ်းနီးကမ်းဝေး ငါးဖမ်းတဲ့လှေကြီးတွေ၊ ငါးဖမ်း လုပ်ငန်းတွေရှိတယ်။ အခုပါလာတဲ့ ငါးတွေက ကမ်းကိုကပ်ပြီးတဲ့အခါမှာ ရောင်းရတာ အဆင်မပြေဘူး။ အဆင်မပြေဘူးဆိုတာက ဈေးတွေကကျပြီးတော့ ဝယ်လိုအား တော်တော်လျော့နေတယ်။ အဲဒီလိုလျော့တဲ့အကြောင်းက ဘာလဲဆိုတော့ ပြည်တွင်းမှာလည်း ဝယ်လိုအားလျော့သွားတယ်" ဟု ဦးဝင်းကြိုင်ကပြောကြားသည်။

ဆက်လက်ပြီး Export လုပ်ငန်းများလည်းလျော့သွားကာ အအေးခန်းများပိတ်ရခြင်း၊ ခွင့်ပြုချက်ရမှဖွင့်ရမည်ဆိုခြင်းစသည့်အကြောင်း စုံလာသောအခါ ပြည်တွင်း၌ အိမ်များတွင် ဝယ်စားသည့်လုပ်ငန်းသာ မဖြစ်မနေရှိတော့ကြောင်း၊ စားသောက်ဆိုင်များပိတ်ခြင်း၊ အလှူအတန်းများမရှိခြင်း၊ ခရီးသွားလုပ်ငန်းများတွင် ကားများရပ်လိုက်သည့်အခါ ကုန်စည်ပို့ဆောင်ရေးပိုင်း၌ အားနည်းချက်များဖြစ်ပေါ်သည့်အတွက် ငါးဈေးကွက်သည် ဖမ်း၍ရလာသည့်ငါးများကို ရန်ကုန်မြို့သို့လာရောင်းလျှင်လည်း ဈေးလျော့သွားကာ ရောင်းချင်တိုင်းရောင်း၍မရဘဲ ရောင်းအားလျော့သွားကြောင်း ဦးဝင်းကြိုင်က ဆက်လက်ပြောကြားသည်။

ထို့ပြင် အင်းအိုင်များနှင့် မြစ်ချောင်းများမှဖမ်း၍ရသည့် ငါးများက အင်းအိုင်ရာသီ ကုန်သွားပြီဖြစ်သည့်အတွက် ကုန်တက်သိပ်မရှိကြောင်း ဦးဝင်းကြိုင်၏ ပြောကြားချက်အရသိရသည်။ အလားတူမွေးမြူရေးငါးသည် ယခင်ကနိုင်ငံတစ်ဝန်းသို့ တစ်နေ့လျှင် ပိဿာချိန် ခြောက်သိန်းခွဲခန့် ရောင်းချနေရပြီး ယခုအခါ ပိဿာချိန် တစ်သိန်းခွဲခန့်သာ ရောင်းချရကြောင်း သိရသည်။

ယင်းသို့ ငါးလုပ်ငန်းတွင် ရောင်းအားကျမှုကြောင့် နိုင်ငံတော်ဘဏ္ဍာနှင့်ပတ်သက်၍ ဦးဝင်းကြိုင်က "ငါးလုပ်ငန်းနဲ့ပတ်သက်ပြီး နိုင်ငံတော်ဘဏ္ဍာကျသွားမလားဆိုတာက ခန့်မှန်းရတော်တော်ခက်တယ်။ တော်တော်ခက်တယ်ဆိုတာက ဒီကာလမှာ မွေးမြူ

ထုတ်လုပ်သူရော၊ ဖမ်းဆီးသူရော အခက်တွေ့ပြီးတော့ ရှုံးတယ်။ လုပ်ငန်းအရ အဆင်မပြေဘူးလို့ ပြောပြီးတော့ အခုဖြစ်နေတဲ့ အခက်အခဲက ဘယ်လောက်ကြာမလဲပေါ့။ လမ်းတွေသွားလို့မရ၊ လာလို့မရ၊ ဈေးကွက်ထဲမှာ ရောင်းချင်တိုင်း ရောင်းလို့မရတဲ့ အနေအထားပေါ့။ အဲဒီအနေအထားက ကျွန်တော်တို့ ဘယ်လောက်ကြာမလဲ။ ဘယ်လောက်ရင်ဆိုင်ရမလဲဆိုတဲ့ဟာက ခန့်မှန်းရ တော်တော်ခက်တယ်” ဟုဆိုသည်။

ဆက်လက်၍ ပြည်တွင်းစားသုံးမှုတွင် ရေချိုမွေးမြူရေးငါးကိုသာ အားကိုးစားရမည် ဖြစ်ကြောင်း၊ ရေချိုမွေးမြူရေးငါးသည် နိုင်ငံခြားပို့ခြင်းနှင့် ပြည်တွင်းစားသုံးခြင်းလုပ်ငန်းတွင် အရေးပါသည့် လုပ်ငန်းဖြစ်ကြောင်း၊ သို့သော် ရေချိုးမွေးမြူရေးငါးသည် ရောင်းရန်ရှိသော်လည်း ဈေးကွက်တွင် ရောင်းချင်တိုင်းရောင်း၍မရဘဲဈေးနည်းကြောင်း၊ ရောဂါ၏ဂယက်ကြာရှည် လျှင် သားငါးမွေးမြူထုတ်လုပ်ရေးများ နောင်နှစ်တွင်ကျဆင်းသွားကာ အရင်းအနှီးများ ချည့်နဲ့သွားမည့်သဘောရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။ အဆိုပါ COVID- 19 ရောဂါကြောင့် ငါးလုပ်ငန်း၏ ဆုံးရှုံးထိခိုက်မှုအခြေအနေသည် အခြေအနေဆိုးကြားထဲ ရောက်နေသည့်အတွက် လျော့နည်းသွားသည့်လုပ်ငန်းများ၏ ထုတ်လုပ်မှုအပိုင်းများ အားအင် အပြည့်နှင့်ထုတ်လုပ်နိုင်အောင် နိုင်ငံတော်ကလိုအပ်သည့် ကူညီပံ့ပိုးမှုများပေးရန်လိုအပ်ကြောင်း ဦးဝင်းကြိုင်ကဆိုသည်။

**Source:** https://news-eleven.com/article/171162

## သီလဝါအများပိုင်ကုမ္ပဏီက ရှယ်ယာရှင်များအား ယခုနှစ်အတွက် အမြတ်ငွေစု ကျပ်ခုနစ်ဘီလီယံကျော် ထုတ်ပေးမည်

သီလဝါအထူးစီးပွားရေးဇုန် အများပိုင်ကုမ္ပဏီ (MTSH) က ၂၀၂၀ အတွက် ကျပ် ၇ ဒသမ ၇ ဘီလီယံကို အမြတ်ငွေစုအဖြစ် ရှယ်ယာရှင်များကိုထုတ်ပေးမည်ဟု ထုတ်ပြန်ကြေညာသည်။ မေလ ၇ ရက်အထိ ရှယ် ယာပိုင်ထားသည့် ရှယ်ယာအစု ပိုင်ရှင်များကို ရှယ်ယာတစ်စုလျှင် ၂၀၀ ကျပ်ပေးမည်ဟု ကုမ္ပဏီကဆိုထားသည်။ MTSH သည် ၂၀၁၉ မတ်လတွင် ကုန်ဆုံးခဲ့ သည့် ဘဏ္ဍာနှစ်အတွက် အမြတ် ငွေ ကျပ် ၉ ဒသမ ၇ ဘီလီယံ ရရှိခဲ့ပြီး ရှယ်ယာတစ်စုကို ကျပ် ၂၅၀ ပေးအပ်ခဲ့သည်။ ယခု ထုတ်ပေးမည့် ၂၀၁၉ စက်တင်ဘာလတွင် ကုန်ဆုံး သည့် ဘဏ္ဍာနှစ်အတွက် ကျပ် ၇ ဒသမ ၇ ဘီလီယံနှင့် ရှယ်ယာတစ်စုလျှင် အမြတ်ဝေစု ကျပ် ၂၀၀ စီ ရရှိမည်ဖြစ်သည်။ အမြတ်ဝေစုထုတ်ပေးမည့်ရက်ကို သတ္တမအကြိမ်မြောက် အထွေထွေအစည်း အဝေးအပြီးတွင် ထုတ်ပြန်ပေး မည်ဟုဆိုသည်။

MTSH က ရှယ်ယာရှင်များကို အမြတ်ဝေစုထုတ်ပေးမည်ဟုကြေညာပြီးနောက် ရှယ်ယာတန်ဖိုးမှာ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ သည်။ MTSH ၏ ရှယ်ယာတန်ဖိုးသည် ဧပြီ ၂၈ ရက်တွင် ကျပ် ၃,၈၀၀ ရှိပြီး ဧပြီ ၂၇ ရက်တွင် ၃,၅၅၀ ကျပ်ရှိခဲ့သည်။ MTSH ကုမ္ပဏီတွင် အစုရှယ်ယာပေါင်း ၃ ဒသမ ၈ သန်းကျော်ရှိပြီး ကုမ္ပဏီကို ၂၀၁၃ မေလတွင် တည်ထောင်ခဲ့ခြင်းဖြစ်သည်။ MTSH သည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးအထူးစီးပွားရေးဇုန်ဖြစ်သည့် သီလဝါအထူးစီးပွားရေးဇုန်တွင် မြန်မာဘက်မှ ရင်းနှီးမြှုပ်နှံခွင့် ရထားသောကုမ္ပဏီဖြစ်သည်။

**Source:** https://7day.news/detail?id=184841

## ရန်ပုံငွေကို ကျပ် ၅၀၀ ဘီလီယံအထိ တိုးမြှင့်ရန်အပါအဝင် မြန်မာ့စီးပွားကယ်တင်ရေးအစီအစဉ် အပြည့်အစုံထုတ်ပြန်

ကိုဗစ်ကြောင့်ထိခိုက်ခဲ့ရသည့် မြန်မာ့စီးပွားရေးလုပ်ငန်းများကို ပြန်လည်ထူမတ်ရန် မူလကသတ်မှတ်ထားသည့် ကျပ် ၁၀၀ ဘီလီယံ ရန်ပုံငွေကို အခြေအနေပေါ်မူတည်ပြီး ကျပ်၅၀၀ဘီလီယံအထိ တိုးမြှင့်ရန်အပါအဝင် စီးပွားကယ်တင်ရေး အစီအစဉ် အပြည့်အစုံကို ဧပြီလ၂၇ရက်နေ့ ရက်စွဲဖြင့် မြန်မာနိုင်ငံအစိုးရက နိုင်ငံပိုင်သတင်းဌာနတွင် ဧပြီ၂၈ရက်နေ့ညက ထုတ်ပြန် ကြေညာသည်။ အဆိုပါအစီအစဉ်တွင် စီးပွားရေးလုပ်ငန်းများကို ချေးငွေထုတ်ပေးရန်၊ ချေးငွေအာမခံပေးရန်၊ ဒစ်ဂျစ်တယ် ငွေပေးချေမှုများကို အားပေးရန်၊ အသေးစားချေးငွေလုပ်ငန်းများကို အတိုးနှုန်းသက်သာသောချေးငွေများ ထုတ်ပေးရန်၊ ရင်းနှီး မြှုပ်နှံမှုများကို အမြန်ဆွဲဆောင်ရန်တို့လည်းပါဝင်သည်။ Overcoming as one: Covid-19 Economic Relief Plan ဟု အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ထိုအစီအစဉ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အမှာ

စကားရေးသားထားပြီး ပန်းတိုင် ၇ ရပ်ပါဝင်သည်။ ထိုပန်းတိုင် ၇ ခုမှာ မက်ခရိုစီးပွားပတ်ဝန်းကျင်ကို ငွေကြေး လွှဲဆော်မှုဖြင့် ပြုပြင်ခြင်း၊ ပုဂ္ဂလိကဏ္ဍသို့ရိုက်ခတ်မှုကို ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့်ဘဏ်လုပ်ငန်းတွင် ပြုပြင်မှုများဖြင့် သက်သာစေခြင်း၊ လုပ်သားများအပေါ်ရိုိက်ခတ်မှုကို သက်သာစေခြင်း၊ အိမ်ထောင်စုများအပေါ် ရိုက်ခတ်မှုကို သက်သာ စေခြင်း၊ ဆန်းသစ်သောကုန်ပစ္စည်းများ platform များကို မြှင့်တင်အားပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ် ကြံ့ခိုင် တောင့်တင်းအောင်စီမံခြင်း၊ ကိုဗစ် ၁၉ကို တုံ့ပြန်သည့် ဘဏ္ဍာရေးကူညီမှုများလက်လှမ်းမီစေခြင်းတို့ဖြစ်သည်။

အဆိုပါ စီးပွားကယ်ဆယ်ရေး အစီအစဉ်တွင် ထူးခြားသောအချက်အချို့ကို ကောက်နုတ်ဖော်ပြပါသည်။ မတည်ငွေရင်းအဖြစ် ချေးယူသည့် ကျပ်၁ဘီလီယံ (သန်းတစ်ထောင်) အောက်လျော့သည့် ချေးငွေအသစ်များကို မြန်မာလုပ်ငန်းများအား မြန်မာဘဏ်များက ထုတ်ချေးလျှင် ထိုချေးငွေ၏ ၅၀ရာခိုင်နှုန်းကို အစိုးရက အာမခံမည်။ ထိုသို့ချေးယူသည့်လုပ်ငန်းများသည် ကိုဗစ်စီးပွားရေးကူညီမှု ကနဦးက တစ်နှစ်လျင် တစ်ကျပ်တိုးသည့် ထုတ်ချေးသည့် ချေးငွေများကို မရယူထားသည့် လုပ်ငန်းများဖြစ်ရမည်။

အန္တမ်းပါးဆုံး၊ ထိခိုက်လွယ်ဆုံး အိမ်ထောင်စုများ ( ရွှေ့ပြောင်းဒုက္ခသည်များအပါအဝင်) ကို ငွေသားထောက်ပံ့ သွားမည်။ မိုးရာသီအမီ စပါးစိုက်နိုင်ရန် လယ်ကေနည်းသည့် လယ်သမားများကို ငွေသားထောက်ပံ့ခြင်း သို့မဟုတ် ချေးငွေထုတ်ပေးမည်။ KBZ Pay၊ CB Pay၊ Wave Money၊ M-Pitesan၊ Ok Dollar စသည့် မိုဘိုင်းငွေပေးချေမှုများကိုမြှင့်တင်သွားမည်။ အစိုးရကိုယ်တိုင် မိုဘိုင်းငွေပေးချေမှုများကို လုပ်နိုင်သမျှ ုပ်မည်။

**Source:** The Voice Journal

## ၃၈ ဘီလျံဖိုး ဆန်တန်ချိန် ငါးသောင်းနှင့် ဆီတန်ချိန် တစ်သောင်းနှစ်ထောင်ကို အရံရိက္ခာအတွက်ဝယ်မည်




မြန်မာနိုင်ငံတွင် COVID-19 ရောဂါကူးစက်မှုမြင့်တက်ပါက ပြည်တွင်း၌ အရေးပေါ်ရိက္ခာဖူလုံရန် အဓိကကျသော အခြေခံစားသောက်ကုန်ဖြစ်သည့် ဆန်နှင့်ဆီ ကျပ် ၃၈ ဘီလျံကျော်ဖိုးကို အရန်ရိက္ခာအဖြစ် ဝယ်ယူမည်ဖြစ်ကြောင်းစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အရန်ရိက္ခာဝယ်ယူရေးအတွက် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဆန်စပါးအသင်းချုပ်၊ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီးရှိ ကုန်သည်လုပ်ငန်းရှင်အသင်းအဖွဲ့များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဆန်တန်ချိန် ၅၀၀၀၀ နှင့် စားအုန်းဆီတန်ချိန် ၁၂၀၀၀ ဝယ်ယူရန် ငွေကျပ် ၃၈ ဘီလျံခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမြင့်ကပြောသည်။ “ရိက္ခာဖူလုံမှုအခြေအနေကို ပြန်လည်စိစစ်ပြီးတော့မှ ပြည်ပတင်ပို့မှုရဲ့ ၁၀ ရာခိုင်နှုန်းကို နိုင်ငံတော်အရန်ဆန် အဖြစ်ပေးသွင်းရမယ်ဆိုတဲ့ဟာကိုအသင်းအဖွဲ့တွေနဲ့ညှိနှိုင်းပြီးတော့ဆောင်ရွက်ခဲ့တယ်။ မတ်လ ၁၆ ရက်နေ့ကနေပြီးတော ့၂၀ ရက်နေ့အထိကို တစ်ပတ်အတွင်း လိုင်စင်တွေထုတ်ပေးထားတာရှိတယ်။ အဲ့ဒီလိုင်စင်တွေကို အကြမ်းဖျဉ်းတန်ချိန်တစ်သိန်းလောက်ရှိတယ်ပေ့ါ။ အဲ့ဒီတစ်သိန်းထဲကနေပြီးတော့ မတ်လ ၂၇ ရက်ကနေ စပြီးတော့ အဲ့ဒီတန်ချိန်တစ်သိန်းပေါ်မှာ နိုင်ငံတော်အရန်ဆန်အတွက် ၁၀ ရာခိုင်နှုန်းကိုပေးသွင်းဖို့ အကြောင်းကြားပြီးသွားပြီ။သက်ဆိုင်ရာကုမ္ပဏီတွေကို အကြောင်းကြားပြီးသွားပြီ။ ကုမ္ပဏီတွေကလည်း ပေးသွင်းဖို့လုပ်တယ်။ ဧပြီမှာလိုင်စင်တွေကို ခဏဆိုင်းငံ့ထားတယ်။ မေလကစပြီး လိုင်စင်တွေပြန်ခွင့်ပြုမယ်” အဆိုပါဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။

ပြည်တွင်းဆန်ဖူလုံမှုရှိရန် ဆန်တင်ပို့မှု၏ ၁၀ ရာခိုင်နှုန်းကို အစိုးရထံသို့ ရောင်းချရန်၊ ဆန်တင်ပို့သည့် ကုမ္ပဏီများအနက် သက်တမ်းကုန် ပို့ကုန်လိုင်စင်များ၊ ဆက်လက်မတင်ပို့နိုင်သည့် ဆန်၊ ဆန်ကွဲလိုင်စင်များကို ဧပြီ ၁၅ ရက်တွင်နောက်ဆုံးထားပြီး ပြန်လည်အပ်နှံရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ကြေညာထားသည်။ “စားအုန်းဆီပုံမှန်လိုအပ်ချက်က တစ်လ တန်ချိန်ခြောက်သောင်းလောက်ရှိတယ်။ သင်္ကြန်မတိုင်ခင်မှာ တန်ချိန်သုံးသောင်းခွဲလောက်ရောက်ပြီးသွားပြီ။

သကြ်န်ပြီးနောက်ပိုင်းမှာ တန်ချိန်ငါးသောင်းလောက်ရောက်ဖို့ရှိတယ်။ လိုအပ်ချက်ကတော့ ဆီကန်တွေထဲမှာလစဉ်တန်ချိန် ၁၂၀၀၀ အရန်ချန်ထားပေးရမယ်။ နိုင်ငံတော်ကလိုရင် ဝယ်တဲ့အချိန်မှာရအောင် တန်ချိန် ၁၂၀၀၀ ချန်ထားပေးရမှာ။ ဒါ့အပြင်နိုင်ငံတော်မှာထပ်ပြီးတော့ တန်ချိန်၁၂၀၀၀ ဝယ်ဖို့စီစဉ်နေတယ်” ဟု ဦးခင်မောင်လွင်ကပြောသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

http://htwettoe.com/article-details/news/9191298

## COVID- 19 ကာလအတွင်း ပြည်ပတင်ပို့မည့် ဆန်နှင့်ဆန်ကွဲပို့ကုန်လိုင်စင်အတွက် လစဉ် ပင်လယ်ရေကြောင်းမှ တန်ချိန်တစ်သိန်းနှင့် နယ်စပ်လမ်းကြောင်းမှ တန်ချိန်ငါးသောင်း စုစုပေါင်းတန်ချိန်တစ်သိန်းခွဲ ခွင့်ပြုမည်

COVID- 19 Pandemic ကာလအတွင်း ပြည်ပတင်ပို့မည့် ဆန်နှင့်ဆန်ကွဲ ပို့ကုန်လိုင်စင်အတွက် လစဉ်ပင်လယ် ရေကြောင်းမှ တန်ချိန်တစ်သိန်းနှင့် နယ်စပ်လမ်းကြောင်းမှ တန်ချိန် ငါးသောင်းစုစုပေါင်း တန်ချိန်တစ်သိန်းခွဲအထိ ခွင့်ပြုသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်နှင့် ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ပင်လယ်ရေကြောင်းနှင့်နယ်စပ်လမ်းကြောင်းတို့မှ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုများကို အခြေခံ၍ ၎င်းတို့ဆောင်ရွက်ခဲ့သည့် ပမာဏအချိုးအရ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ အဆိုပြုတင်ပြသည့် စာရင်းပါကုမ္ပဏီများသည် ပို့ကုန်လိုင်စင်လျှောက်ထားခွင့်ရှိသည်။ လွန်ခဲ့သည့် သုံးနှစ်အတွင်း ကုမ္ပဏီများမှ အမှန်တင်ပို့ခဲ့သည့် ပမာဏများအပေါ်အခြေခံ၍ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကုမ္ပဏီအလိုက် တင်ပို့ခွင့်ပြုသင့်သည့် အဆိုပြုပမာဏပေါ် လစဉ် ပင်လယ်ရေကြောင်းမှ တန်ချိန်တစ်သိန်းနှင့် နယ်စပ်လမ်းကြောင်းမှ တန်ချိန်ငါးသောင်းကို ပို့ကုန်လိုင်စင် စိစစ်ရေးအဖွဲ့မှ စိစစ်၍ ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

အကယ်၍ ပထမတစ်လအတွင်း ခွင့်ပြုပြီး လိုင်စင်ပါပမာဏအားလုံးကို သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင်တင်ပို့နိုင်ခြင်းမရှိဘဲ ပမာဏအချို့ကိုသာ တင်ပို့နိုင်သည့်ကုမ္ပဏီမှ နောက်တစ်လအတွက် လိုင်စင်လျှောက်ထားလာပါက ယင်းကုမ္ပဏီ၏ လိုင်စင်လက်ကျန်ပမာဏကို အမှန်တင်ပြင်ဆင်အပ်နှံပြီးမှသာ လစဉ်တင်ပို့ခွင့်ပမာဏအတိုင်း ခွင့်ပြုသွားမည်ဖြစ်သည်။ လအလိုက်ခွင့်ပြုထားပြီး ပို့ကုန်လိုင်စင်ပမာဏကို ပြည့်မီစွာတင်ပို့နိုင်ခြင်းမရှိ၍ အမှန်ပြင်ဆင်အပ်နှံသည့်ကိစ္စတွင် ယင်းတင်ပို့မှုအတွက် ပေးသွင်းထားပြီးဖြစ်သည့် အရန်ဆန်ပမာဏအား ပေးသွင်းသည့်ကုမ္ပဏီသို့ ပြန်လည်ထုတ်ပေးခြင်း၊ ခုနှိမ်ခြင်းတို့ကို ခွင့်ပြုမည်မဟုတ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ဆန်နှင့်ဆန်ကွဲပို့ကုန်လိုင်စင်လျှောက်ထားခွင့်ရှိသည့် ကုမ္ပဏီများ အတွက် လစဉ်သတ်မှတ်ထားသောပမာဏကိုသာ ခွင့်ပြုမည်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် လစဉ်ပို့ ကုန်လိုင်စင်လျှောက်ထားခြင်းမရှိဘဲ နှစ်လ/သုံးလအတွက် ပို့ကုန်လိုင်စင်ကို တစ်ပေါင်းတည်းလျှောက်ထားခြင်း၊ ကျော်လွန်သွားသည့်ကာလများအတွက် ပြန်လည်လျှောက်ထားခြင်းများကို ခွင့်ပြုသွားမည်မဟုတ်ကြောင်းသိရသည်။

မေလအတွက် လိုင်စင်လျှောက်ထားရာတွင် ၂၀၂၀ ခုနှစ် မတ်လ ၁၆ ရက်မှ ၂၀ ရက်အထိ ဆန်နှင့် ဆန်ကွဲတင်ပို့ခွင့် ပို့ကုန်လိုင်စင် ခွင့်ပြုထုတ်ပေးထားမှုအပေါ် အမှန်တင်ပို့မှုအထောက်အထားဖြစ်သော အကောက်ခွန်ဦးစီးဌာန၏ ပို့ကုန်ကြေညာလွှာ ED နှင့် အကယ်၍ ခွင့်ပြုလိုင်စင်ပမာဏအား အပြည့်အဝ တင်ပို့နိုင်ခြင်းမရှိဘဲ လိုင်စင်လက်ကျန် ကျန်ရှိပါက မှန်တင်ပြင်ဆင်အပ်နှံသည့် အထောက်အထားပါရှိရမည်ဖြစ်သည်။ ထို့ပြင် ဆန်/ဆန်ကွဲတင်ပို့ခွင့် ပို့ကုန်လိုင်စင်လျှောက်ထားသည့်ပမာဏအပေါ် နိုင်ငံတော်အရန်ဆန် ၁၀ ရာခိုင်နှုန်းပေးသွင်းထားပြီးဖြစ်ကြောင်း အထောက်အထားများပါရှိရမည်ဖြစ်သည်။

၂၀၂၀ ခုနှစ် ဇွန်လမှ စက်တင်ဘာလများအတွက် လိုင်စင်လျှောက်ထားရာတွင် ယခင်လများတွင် ခွင့်ပြုချက်ရရှိသည့် လိုင်စင်များအပေါ် ပြီးပြတ်အောင်တင်ပို့ပြီးဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာန၏ ပို့ကုန်ကြေညာလွှာ ED ၊ ခွင့်ပြုလိုင်စင်ပမာဏအား အပြည့်အဝတင်ပို့နိုင်ခြင်းမရှိဘဲ လိုင်စင်လက်ကျန် ကျန်ရှိပါက အမှန်တင်ပြင်ဆင်အပ်နှံသည့် အထောက်အထား၊ ဆန်နှင့်ဆန်ကွဲတင်ပို့ခွင့် ပို့ကုန်လိုင်စင်လျှောက်ထားသည့်ပမာဏအပေါ် နိုင်ငံတော်အရန် ဆန် ၁၀ ရာခိုင်နှုန်း ကြိုတင်ပေးသွင်းထားပြီးဖြစ်ကြောင်း အထောက်အထားများပါရှိရမည်ဖြစ်သည်။ COVID- 19 Pandemic ကာလအတွင်း ပြည်ပသို့ ဆန်နှင့်ဆန်ကွဲ တင်ပို့မှုအတွက် လိုင်စင်ခွင့်ပြုသက်တမ်းမှာ တစ်လဖြစ်သည်။ ဆန်နှင့်ဆန်ကွဲပို့ကုန်လိုင်စင်ကို ကုမ္ပဏီမှ

အထောက်အထားအချက်အလက် ပြည့်စုံစွာတင်ပြလာပါက အစိုးရရုံးဖွင့်ရက် သုံးရက်အတွင်းခွင့်ပြုထုတ်ပေးသွားမည်ဖြစ်သည်။

**Source:** https://news-eleven.com/article/171121

## မန္တလေးကုန်စည်ဒိုင်ပိတ်ထားသော်လည်း ပဲနှမ်းဈေးကွက်၌ နေ့စဉ်အရောင်းအဝယ်ဖြစ်

မန္တလေးကုန်စည်ဒိုင် ပိတ်ထားသော်လည်း နေ့စဉ်အရောင်းအဝယ်ရှိနေပြီး ပဲ၊နှမ်း ဈေးနှုန်းများတည်ငြိမ်မှုရှိကြောင်း ပဲ၊နှမ်းကုန်သည်အချို့ထံမှသိရသည်။ မန္တလေးကုန်စည်ဒိုင်သည် သင်္ကြန်ကာလပိတ်ရက်အဖြစ် ဧပြီလ ၁၁ ရက်က စတင်ခဲ့ပြီး ဧပြီလ ၃၀ ရက်အထိ ရက်ရှည်ပိတ်ထားမည်ဖြစ်သည်။ ပွဲစား၊ ကုန်သည်၊ စက်ပိုင်များအသင်းမှအသင်းသားများအတွက် သီးသန့်ဖွင့်လှစ်ပေးထားသည့် Viber Group တွင် နေ့စဉ်အရောင်းအဝယ်ပြုလုပ်နေကြသောကြောင့် ပဲ၊နှမ်း ဈေးနှုန်းများလည်း တည်ငြိမ်မှုရှိကြောင်း စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ကပြောကြားသည်။

ကုန်သည်ပွဲစားစက်ပိုင်များသည် အွန်လိုင်းစနစ်ဖြင့် အလုပ်လုပ်နေရာ တောင်သူများကလည်း သီးနှံများကို ပွဲရုံများသို့ ပေးပို့ကြသဖြင့် နေ့စဉ်အရောင်းအဝယ်ရှိနေကြောင်း ၎င်းကရှင်းပြသည်။ သင်္ကြန်ကာလပိတ်ရက်အဖြစ် ဧပြီ ၁၁ ရက်မှ ဧပြီ ၂၁ ရက်အထိပိတ်ထားခဲ့ကာ ဧပြီ ၂၂ ရက် တစ်ရက်တည်းသာ ပြန်ဖွင့်ခဲ့ပြီးနောက် မန္တလေးတိုင်းအစိုးရအဖွဲ့၏ ထုတ်ပြန်ချက်အရ ဧပြီလ ၃၀ ရက်အထိ ဆက်ပိတ်ထားခဲ့ခြင်းဖြစ်သည်။ ပွဲစား၊ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အား ယာယီပိတ်ထားရသော်လည်း မိမိတို့၏နေအိမ်မှ တယ်လီဖုန်းဖြင့် လည်းကောင်း အသင်း၏ ViberGroupမှသော်လည်းကောင်း အရောင်းအဝယ်လုပ်ဆောင်နိုင်ပြီး ထိုသို့အရောင်းအဝယ် လုပ်ဆောင်ကြရာတွင် အသင်းကချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရောင်းဝယ်ဆောင်ရွက်ကြရန် ဧပြီလ ၂၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ "ကျန်းမာရေးအရ ကုန်စည်ဒိုင်က ပိတ်ထားပေမဲ့ အွန်လိုင်းစနစ်နဲ့အလုပ်လုပ်နေကြတော့ အရောင်းအဝယ် ပုံမှန်နီးပါးရှိပါတယ်။ လူချင်းတော့ မတွေ့ရဘူးပေါ့" ဦးစိုးဝင်းမြင့်က ထပ်မံပြောဆိုသည် ။

ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ပြုလုပ်ရာ၌ သီးနှံနမူနာကို ခင်းကျင်းပြထားသောကြောင့် တစ်ခါတည်း အရောင်းအဝယ်ဖြစ်သော်လည်း ယခုကဲ့သို့ အွန်လိုင်းစနစ်လုပ်ကိုင်ရာတွင်မူ ပစ္စည်းကြည့်ပြီးမှ ဈေးဖြတ်ရသည့် အခက်အခဲတစ်ခုသာရှိကြောင်း ပဲ၊နှမ်းကုန်သည်တစ်ဦး ပြောဆိုသည်။ "Viber Group ထဲမှာ ပစ္စည်းရှိတဲ့သူကလည်းကြော်ငြာတယ်။ ဝယ်မဲ့သူကလည်းကြော်ငြာတယ်။ ဒိုင်ပိတ်ထားပေမယ့် ဈေးကွက်အပေါ် အကျိုးသက်ရောက်မှု အများကြီးရှိမနေပါဘူး။ ဒိုင်ဖွင့်ထားတုန်းကလိုပဲ ဈေးအတက်အကျသွားပါတယ်။ ဒီရက်ပိုင်း ပဲ၊နှမ်းဈေးကလည်း အပြောင်းအလဲ အများကြီးမရှိပါဘူး" ဟု ၎င်းကရှင်းပြသည်။ မန္တလေးကုန်စည်ဒိုင်သည် ပွဲစား၊ကုန်သည်၊ စက်ပိုင်များသည် နယ်ဒေသများမှရောက်ရှိလာသော ပဲ၊နှမ်းများအား အရောင်းအဝယ်ပြုလုပ်ရာ ဈေးကွက်တစ်ခုဖြစ်ပြီး အသင်းဝင်ဦးရေ ၁၇၀၀ ကျော်ရှိသည်။

**Source : The Voice**

https://news.ydnp.net/343749/

## ထိုင်းသို့တင်ပို့သည့် မြန်မာ့ပြောင်းဆန်များ ဝယ်ယူမှုနည်းပါး၍ အခက်ကြုံ

ထိုင်းနိုင်ငံသို့တင်ပို့ရောင်းချနေသည့် မြန်မာ့ပြောင်းဆန်များ လတ်တလောဝယ်ယူမှုနည်းပါး၍ အခက်ကြုံနေရကြောင်း ကုန်သည်များထံမှသိရသည်။ "ထိုင်းဘက်ကအဝယ်နည်းလာတယ်။တဖြည်းဖြည်းဈေးကျချင်လာတယ်။ ဧပြီလ ၂၅ ရက် နောက်ပိုင်းမှာ သူတို့ဘက်ကအဝယ်မလိုက်ချင်တဲ့ပုံစံမျိုးဆိုတော့ ပြောင်းတွေငြိမ်နေတယ်။ ပြောင်းကထိုင်းနိုင်ငံအတွင်းကို တော်တော်များများဝင်လာပြီဖြစ်တဲ့အတွက် သူတို့ကတဖြည်းဖြည်း သိပ်ပြီးတော့ မဝယ်ချင်တော့တဲ့ပုံစံတွေဖြစ်လာတယ်။ လက်ရှိမှာတော့ ထိုင်းဘက်က ဟိုကုန်သည်ကိုလိုက်ရောင်း ဒီကုန်သည်ကိုလိုက်ရောင်းနဲ့အခက်ကြုံနေကြတယ်။ မြန်မာဘက်က ဒီမှာလာရောင်းတဲ့သူတွေကမကိုက်ဘူးဖြစ်နေတယ်။ " ဟု ပြောင်းဆံကုန်သည်တစ်ဦးဖြစ်သူ Klohtoo Wah co.ltd မှ ဒါရိုက်တာ ဦးအောင်မြင့်ဦးက မြန်မာတိုင်းမ်သို့ပြောသည်။

ထိုင်းနိုင်ငံသို့ ပြောင်းဆံတင်ပို့မှုကို ၂၀၁၉ ခုနှစ်မှစတင်ခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံသဘောတူညီချက်ဖြင့် အခွန်ကင်းလွတ်ခွင့်ပြုထားသည်။ သို့ရာတွင် ထိုင်းနိုင်ငံ၏ တောင်သူလယ်သမားအကျိုးစီးပွား ကာကွယ်သောအားဖြင့် နှစ်စဉ် ထိုင်းနိုင်ငံတွင် ပြောင်းထွက်ရာသီဖြစ်သည့် ဖေဖော်ဝါရီမှ ဩဂုတ်လအထိသာတင်ပို့ခွင့်ပြုထားပြီး ယင်းလများကျော်ပါက အခွန်ပေးဆောင်ရသည်။

လက်ရှိတွင် ပြောင်းဆန် ၁၅ ကီလိုတစ်ပုံးလျှင် ယခင်ထိုင်းဘတ်ငွေ ၁၀၇ ဘတ်ခန့်အထိရှိသော်လည်း ၁၁၇ ဘတ်အထိ ဈေးတက်သွားပြီး သယ်ယူပို့ဆောင်ရေးကားခများလည်းဈေးတက်လာကြောင်း ဦးအောင်မြင့်ဦးက ပြောသည်။ “လောလောဆယ်မှာတော့ မြန်မာနိုင်ငံနဲ့ ထိုင်းနယ်စပ်မှာ ပြောင်းဆန်တွေကပုံနေတယ်။ အရင်ကပုံမှန်တစ်နေ့ကို ကားအစီး ၂၀၀ လောက် ထွက်နေရာကနေပြီးတော့ အခုလောလောဆယ် မြန်မာကားအဝင်က ၃၀၀ နီးပါးဖြစ်တယ်။ မြန်မာကားနှစ်စီးဆိုရင် ထိုင်းကား ၃ စီးချိန်ရတယ်။ ထိုင်းက ကားတစ်စီးမှ အိတ် ၆၀၀ လောက်တင်တာ။ မြန်မာက အိတ် ၇၀၀ တင်တယ်။ အခုတော့ ဒီဘက်မှာပစ္စည်းတွေကပြန်ပုံလာတယ်”ဟု ရွှေစိုးမိုးရောင်းဝယ်ရေးကုမ္ပဏီလီမိတက်မှ ဦးလှမိုးကပြောသည်။ ထို့ပြင် မတ်လအတွင်းကလည်း ထိုင်းဘတ်ငွေမတည်ငြိမ်မှုများကြောင့် ပြောင်းဆန်တင်ပို့နေသည့် ကုန်သည် ၂၀ ခန့်မှာ ကားတစ်လျှင် ၅ သိန်းမှ ၇ သိန်းခန့်အထိအရှုံးပေါ်ခဲ့သည်။

**Source :** https://myanmar.mmtimes.com/news/138725.html

The Myanmar Times

## တရုတ်က ဖြတ်သန်းခွင့်ပိတ်ထား၍ ပြောင်းဖူးကုန်သည်များ သိန်း ၃၀၀ နီးပါး ဆုံးရှုံးဟုဆို



မြန်မာနိုင်ငံမှ တရုတ်နိုင်ငံအတွင်းသို့ သွားရောက်ရောင်းချမည့် ပြောင်းဖူးစိမ်များ တင်ဆောင်လာသော ထော်လာဂျီကားတန်းကြီးကို တရုတ်အစိုးရဘက်က ဖြတ်သန်းခွင့်ပိတ်ထားခြင်းကြောင့် သိန်း ၃၀၀ နီးပါး ဆုံးရှုံးနစ်နာကြောင်း ပြောင်းဖူးကုန်သည်များကဆိုသည်။ တရုတ်အစိုးရသည် နယ်မြေဖြတ်သန်းခွင့်ကို ဧပြီ ၂၃ ရက်က ပိတ်ထားခြင်းကြောင့် ပြောင်းဖူးစိမ်းများ တင်ဆောင်ကာ တရုတ်ပြည်အတွင်းသို့ သွားရောက်ရောင်းချမည့် ထော်လာဂျီကားတန်းကြီးမှာ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့နယ် နောင်ဖိုင်နှင့်ခါးလှိုင်ကျေးရွာတို့တွင် ယနေ့အထိ ပိတ်မိနေကြောင်းသိရသည်။

ပြောင်းဖူးကုန်သည်တစ်ဦးက "ပြောင်းဖူးက အစိမ်းဆိုတော့ သူက ၃၊ ၄ ရက်လောက် ဒီမှာ ပိတ်မိမယ်ဆိုရင်တော့ ပြောင်းဖူးက ရောင်းလို့ မရတော့ဘူးပေါ့။ တချို့က ပြန်ပြီး လှည့်ထွက်သွားတာ။ တချို့ကလည်း ကြုံတဲ့နေရာ မှာ သွန်ပစ်တာ တွေလည်း ရှိတယ်။ ထော်လာဂျီ တစ်စီးဆိုရင် ပြောင်းဖူး တစ်တန်ပါတယ်။ ပြောင်းဖူးတစ်တန်က တရုတ်ငွေ ယွမ် ၃၀၀၀ (မြန်မာငွေ ၆ သိန်း) နီးပါးလောက် ရှုံးတယ်"ဟု ပြောသည်။ ပိတ်မိနေသော ထော်လာဂျီမှာ အစီးရေ ၅၀၀ နီးပါးရှိပြီး တစ်စီးလျှင် ပြောင်းဖူး တစ်တန်ပါရာ မြန်မာငွေကျပ် ၆၀၀၀၀၀ သိန်း(ခြောက်သိန်း) တန်ကြေးရှိသည့်အတွက် စုစုပေါင်း မြန်မာငွေ ကျပ်သိန်းပေါင်း ၃၀၀ (သိန်းသုံးရာနီးပါး)နီးပါး ဆုံးရှုံး မှုရှိသည်ဟု ပြောင်းဖူးကုန်သည်များက ပြောသည်။ တရုတ်နိုင်ငံသည် ၎င်း၏ နယ်နိမိတ် (တရားမဝင် အပေါက်နှင့် တရားဝင် အပေါက်)များအား ပိတ်ထားသည့်အတွက် ဝင်/ထွက်ရန် အခက်အခဲရှိကြောင်း၊ ယခုကုန်သွယ်မှုသည် တရားဝင် ကုန်သွယ်မှုမဟုတ်သည့်အတွက် ဖြေရှင်းရခက်ကြောင်း မူဆယ်မြို့နယ်မဲဆန္ဒနယ်မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်းကဆိုသည်။

"တရုတ်နိုင်ငံက ၂၃ ရက်နေ့ ကတည်းက အဝင်အထွက် လုံးဝပိတ်လိုက်တာ၊ အဝင်အထွက် ပိတ်လိုက်တာဆိုတော့ လူတို့ ဘာတို့ကအစ ထွက်ခွင့်ဝင်ခွင့် မရှိတော့ဘူးလေ။ အမှန်က ဒါက တရားဝင် ကုန်သွယ်မှုရယ်တော့ မဟုတ်ဘူးလေ။ ဒါက နှစ်နိုင်ငံ အမြဲတမ်း ဒီလိုပဲ လုပ်နေတော့ အခု သူတို့နိုင်ငံဘက်က ယူနန်အစိုးရက တရားဝင် ပိတ်ထားတဲ့ကိစ္စမှာ ကျွန်တော် တို့က ဘာမှ သွားပြောလို့ မရဘူး၊ စောဒက သွားတက်လို့မရဘူး။ ပြီးတော့ ဒီအချိန်မှာလည်း နှစ်နိုင်ငံတွေ့ဆုံမှုတွေ ဘာတွေ ဆိုလို့ရှိရင်လည်း မရှိသလောက် ြစ်နေတယ်"ဟု ၎င်းကပြောသည်။ တချို့သော ပြောင်းဖူးကုန်သည်များသည် ယခုအချိန်ထိ ဝင်ခွင့် ရလိုရငြား ဟူသည့်စိတ်ဖြင့် စောင့်နေသေးသူများလည်းရှိကြောင်းသိရသည်။ ရွှေလီမြို့ တရုတ်နယ်စပ်ဘက်ရှိ တောင်သူအများစုသည် စပါးနှင့်ပြောင်းဖူးကို အဓိက စိုက်ပျိုးကြကာ တရုတ်သို့ အဓိက တင်ပို့ ရောင်းချကြကြောင်းသိရသည်။

ပြောင်းဖူးစိုက် တောင်သူတစ်ဦးက "အကုန်လုံး ရှုံးကြတာပေါ့ဗျာ။ တစ်ဧကကို ဆယ်သိန်းလောက် အရင်းစိုက်ပြီး လုပ်တဲ့ သူတွေကြီးပဲ ဒီမှာက။ လုံးဝဝင်မရတော့ အကုန်လုံး ဒုက္ခရောက်ကုန်ကြတာ။ ဒီမှာ စိုက်တာကလည်း အများစုက ပြောင်းဖူးပေါ့။ ဖရဲသီးနဲ့ ဖရုံသီးကတော့ နည်းနည်းပါးပါးပေါ့"ဟု ပြောသည်။ ပြီးခဲ့သည့် မတ်လက မြန်မာနိုင်ငံဘက်မှ ပြောင်းဖူးတင်လာသည့် ထော်လာဂျီများကို တရုတ်နိုင်ငံဘက်မှ ကုန်သည်များက မောင်းယူကာ ပို့ဆောင်ပေးသည့်အတွက် အဆင်ပြေခဲ့သော်လည်း ယခုအခါ(ဧပြီ ၂၃ ရက်က)တွင် တရုတ်အစိုးရက လူအပါအဝင်ယာဉ်များကို ဝင်/ထွက်ခွင့်ပိတ်ထားခြင်းကြောင့် ဆုံးရှုံး နစ်နာမှုများရှိနေသည်ဟု ကုန်သည်တစ်ဦးကပြောသည်။ မူဆယ်မြို့နယ် နောင်ဖိုင်နှင့်ခါးလှိုင်ရွာတွင် ပိတ်မိနေသည့် ပြောင်းဖူးစိုက်တောင်သူများနှင့် ကုန်သည်များက ၎င်းတို့ ကုန်တင်ပို့ခွင့် ရရှိနိုင်ရန်အတွက် နယ်စပ်နှစ်ဘက်စလုံးမှ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးပိုင်းနှင့် တာဝန်ရှိသူများကို ညှိနှိုင်း ပေးစေချင်လိုကြောင်းဆိုသည်။

တရုတ်အစိုးရက နယ်စပ်လုံခြုံရေးအတွက် စစ်သား ၆၀၀ ကို အင်အားဖြည့်ထားပြီး နေ့အချိန်တွင် နယ်ခြားစောင့်ရဲနှင့် ပြည်သူ့ရဲတို့ စောင့်ကြပ်လျက်ရှိသလို ညအချိန်တွင် စစ်တပ်က စောင့်ကြပ်လျက်ရှိကြောင်းသိရသည်။ တရုတ်ဘက်က နယ်စပ် ဂိတ်များကို ဧပြီ ၁ ရက်နေ့ကတည်းက ပိတ်ထားခဲ့ခြင်းဖြစ်သော်လည်း တရုတ်နိုင်ငံသားများ မြန်မာပြည်အတွင်းသို့ ခိုးဝင် ခိုးထွက်မှုများက ထုံးစံအတိုင်းရှိနေခဲ့သည်။ ယခုအခါ အာဏာပိုင်များ မျက်စိမှိတ်နေလေ့ရှိသော ခိုးဝင်ခိုးထွက်ဂိတ်များကိုပါ ပိတ်ပင်လိုက်ခြင်းဖြစ်ကြောင်း နယ်စပ်အနီးနေဒေသခံများကပြောသည်။ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှု များ ဖြစ်ပွားနေသည့်အတွက် ယခုကဲ့သို့ ဝင်ထွက်ခွင့်များအား ပိတ်လိုက်ခြင်း ြစ်ကြောင်းလည်းသိရသည်။

**Source:** http://www.mizzimaburmese.com/article/69406

## ပြည်တွင်းဆန်ဖူလုံသဖြင့် မေလတွင် ဆန်တန်ချိန်တစ်သိန်းခွဲ ပြည်ပပို့မည်

ပြည်တွင်းစားဆန်ဖူလုံသဖြင့် ၂၀၂၀ ပြည့်နှစ် မေလတွင် ဆန်တန်ချိန်တစ်သိန်းခွဲပြည်ပတင်ပို့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်က သတင်းထုတ်ပြန်သည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့ညှိနှိုင်းချက်အရ မေလတွင် ပင်လယ်ရေကြောင်းမှ ဆန်တန်ချိန်တစ်သိန်း၊ နယ်စပ်မှ ဆန်တန်ချိန်ငါးသောင်း စုစုပေါင်းတန်ချိန် တစ်သိန်းခွဲတင်ပို့မည်ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံအချို့နှင့် G to G ညှိနှိုင်းရောင်းချရန် ဆွေးနွေးထားကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြသည်။ မေလအတွင်း တင်ပို့မည့်ဆန်တန်ချိန်တစ်သိန်းခွဲတွင် ဆန်၊ ဆန်ကွဲ၊ ကောက်ညှင်းတို့ပါဝင်ပြီး ပင်လယ်ရေကြောင်း မှ ကုမ္ပဏီ ၁၁၂ ခု၊ နယ်စပ်မှ ကုမ္ပဏီ ၂၀၀ ခန့်က တင်ပို့မည်ဖြစ်ကြောင်း ထုတ်ပြန်သည်။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ပြည်တွင်းဆန်ဖူလုံရေး အစိုးရက အရန်ဆန်ဝယ်ယူရန်စီစဉ်နေပြီး ပြည်တွင်း၌ ဆန်ဖူလုံသဖြင့် ၂၀၂၀ ပြည့်နှစ် မေလမှစတင်ကာ ပြည်ပသို့ ပုံမှန်တင်ပို့မည်ဖြစ်ကာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆန်တန်ချိန်နှစ်သန်းတင်ပို့ရန် ရည်မှန်းထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ပြည်ပဆန်တင်ပို့ရာတွင် တင်ပို့မှုပမာဏ၏ ၁၀ ရာခိုင်နှုန်းကို အရန်ဆန်အဖြစ် အစိုးရကိုရောင်းချရမည်ဖြစ်ရာ ပင်လယ် ရေကြောင်းတင်ပို့မှုအတွက် ရန်ကုန်တိုင်းတွင် အရန်ဆန်သိုလှောက်လက်ခံမည်ဖြစ်ပြီး နယ်စပ်တင်ပို့မှု အတွက် မန္တလေးတိုင်း စားသုံးသူရေးရာဦးစီးဌာနက သိုလှောင်မည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။ ယခုအချိန်တွင် နွေစပါးပေါ်ချိန်ဖြစ်သဖြင့် တောင်သူများသင့်တင့်သောဈေးနှုန်းရရန်၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း စားသုံးသူများအတွက် ဆန်ဈေးသင့်တင့် မျှတရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ ညီနောင်အသင်းများ၊ ကုန်စည်ဒိုင်များနှင့် ဆန်စပါးလုပ်ငန်းရှင်များ ပူးပေါင်း

ဆောင်ရွက်နေကြောင်း ဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ပြည်တွင်းဆန်စားသုံးမှုသည် ဆန်ထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းကျော်ရှိပြီး ၂၀ ရာခိုင်နှုန်းကို ပြည်ပသို့တင်ပို့နေသဖြင့် ပြည်တွင်း၊ ပြည်ပဈေးကွက်နှစ်ခုလုံးအတွက် ချင့်ချိန်ဆောင်ရွက်နေကြောင်း ဆန်စပါးအသင်းချုပ်ထုတ်ပြန်ချက်တွင် ရေးသားထားသည်။

**Source:** The Voice Journal

## မန္တလေးကျောက်ဝိုင်း ပိတ်ရက်ထပ်တိုး



မန္တလေးမြို့ မဟာအောင်မြေ ကျောက်မျက်ရတနာ ရောင်းဝယ်ရေးစခန်း (ကျောက်ဝိုင်း)ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ညွှန်ကြားချက်ဖြင့် မေလ၁၅ ရက်အထိ ယာယီပိတ်ထားမည်ဟု ကျောက်ဝိုင်းအကျိုးတော်ဆောင် ကော်မတီအတွင်းရေးမှူး ဦးမျိုးမြင့်နိုင်က ပြောသည်။ COVID-19 ရောဂါကူးစက် မှု ကြိုတင်ကာကွယ်ရန် ကျောက် ဝိုင်းကို မတ်လ ၂၄ ရက်မှ ဧပြီ ၃၀ ရက်ထိ ယာယီပိတ်ထားပြီး ပိတ်ရက်ကို ထပ်မံတိုးမြှင့်သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။ "ဖွင့်ဖို့အနေအထားဆိုတာက ကျန်းမာရေးအခြေအနေပေါ်မူတည်တယ်။ ကောင်းရင်ကောင်းသလိုဖွင့်မယ်။ အစိုးရက အခြေအနေကောင်းတယ် အကြောင်းကြား မှဖွင့်မယ်"ဟု ဦးမျိုးမြင့်နိုင်ကပြောသည်။

ကျောက်ဝိုင်းယာယီပိတ်ထားစဉ် လိုအပ်မှုများရှိသည့်လက်လုပ်လက်စား ကျောက်သမားများအတွက် အခြေခံ စားသောက်ကုန်များ ထောက်ပံ့ပေးရန် စာရင်းကောက်ယူမှုများပြုလုပ်နေကြောင်း ဦးမျိုးမြင့်နိုင်ကပြောသည်။ "ရပ်ကွက်တွေထဲ ဆန်ဝေတယ်ဆိုရင်တောင် ကျောက်သမားတွေ မပါဘူးကြားရတယ်။ အဆင်ပြေတယ် ထင်ကြတာပေါ့။ အလုပ်အကိုင် မကောင်းတာ သုံးနှစ်လောက်ရှိပြီ"ဟု ၎င်းကဆိုသည်။ မဟာအောင်မြေကျောက် မျက်ရတနာရောင်းဝယ်ရေးစခန်းသည် မြန်မာနိုင်ငံတွင် အကြီးဆုံး ကျောက်မျက် ရတနာ ဈေးဖြစ်ပြီး နေ့စဉ် ကျောက်ကုန်သည်ပွဲစား ငါးသောင်းခန့်လာရောက်သည်။

**Source:** https://7day.news/detail?id=184858

## ဂျပန်ဗဟိုဘဏ်က စီးပွားရေးလှုံ့ဆော်မှုအဖြစ် ဘွန်းစာချုပ်များဝယ်မည်

ဂျပန်ဗဟိုဘဏ်က စီးပွားရေးလှုံ့ဆော်မှုကို ဧပြီ ၂၇ ရက်မှာ တိုးချဲ့လိုက်ပြီး ဘွန်းစာချုပ်တွေကို အကန့်အသတ်မဲ့ဝယ်ဖို့လည်း ကတိပြုလိုက်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ကပ်ဘေးကြောင့် စီးပွားရေးအထိနာမှု နက်ရှိုင်းလာလို့ ဖြေရှင်းဖို့ ဂျပန်အစိုးရက ကြိုးစားနေတာပါ။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ကပ်ဘေးကြောင့် ကမ္ဘာ့စီးပွားရေး နက်နက်ရှိုင်းရှိုင်း ထိုးကျနေချိန်မှာ ငွေကြေးထောက်ပံ့မှု ပမာဏကို တခြား အကြီးစားဗဟိုဘဏ်တွေနည်းတူ ဂျပန်ဘဏ်ကလည်း မထုတ်ပြန်ပါဘူး။

ကပ်ဘေးအကျပ်အတည်းကို တိုက်ဖျက်ဖို့ အနီးကပ် အာရုံစိုက်ရာမှာ လာမယ့် ၃ နှစ်အတွင်း ငွေကြေးဖောင်းပွမှုဟာ ၂ ရာခိုင်နှုန်းကျဆင်းဖို့ ဗဟိုဘဏ်ကစီမံထားတဲ့အပြင် စီးပွားရေး နှုန်းမှန်းချက်ကိုလည်း သိသိသာသာ လျှော့ချခဲ့ပါတယ်။ မနေ့က အစည်းအဝေးမှာတော့ အများကကျယ်ကျယ်ပြန့်ပြန့် မျှော်လင့်ထားတဲ့အတိုင်း အတိုးနှုန်းကို ဂျပန်ဗဟိုဘဏ်က အပြောင်းအလဲမလုပ်ခဲ့ပါဘူး။

**Source : DVB**

https://news.ydnp.net/343677/

## မလေးရှား ရာမဒန်ဈေးများ အွန်လိုင်းစနစ်ဖြင့် အရောင်းအဝယ်ဖြစ်နေ

မလေးရှားနိုင်ငံက ရာမဒန်ဈေးတွေမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ကပ်ဘေးကြောင့် ပုံမှန် စုံးရောင်းဝယ်တဲ့ အစဉ်အလာကို ကျော်ပြီး ပုံစံသစ်တရပ်နဲ့ အရောင်းအဝယ်ပြုလုပ်နေကြပါတယ်။ WhatsApp နဲ့ Facebook လူမှုကွန်ရက်တွေကို သုံးပြီး အွန်လိုင်းကနေ ဈေးဝယ်ဖို့ အမှာစာတွေ ကောက်ယူခဲ့ကြတာပါ။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ကပ်ဘေးကြောင့် လူစုလူဝေးကားမှာ လူအများအပြား ဗိုင်းရပ်စ်ကူးစက်မှာစိုးရိမ်တဲ့အတွက် မလေးရှားအစိုးရဟာ ရာမဒန်ဥပုသ်ထွက်ချိန် အသင့်စားစရာတွေကို ရောင်းချတဲ့ ရာမဒန်ဈေးတွေကို ပိတ်ပစ်ခဲ့ပါတယ်။ ခါတိုင်းမှာ နိုင်ငံတဝန်းက ရာမဒန်ဈေးတွေဟာ လူတွေကြိတ်ကြိတ်တိုး စည်ကားလေ့ရှိပြီး ရာနဲ့ချီတဲ့ ဈေးဆိုင်တန်းတွေက ဝါဖြေ စားစရာတွေကို ရောင်းကြတာပါ။ အခုတော့ ကူးစက်ကပ်ဘေးကြောင့် ဈေးတွေကို ပိတ်ပစ်ခဲ့ပေမယ့် အမှာစာတွေက အဆင်ပြေနေတယ်လို့ မြို့တော် ကွာလာလမ်ပူရဲ့ မြို့စွန် ခြံဝင်းမှာ ဆိုင်ဖွင့်ထားသူ ဈေးသည်တယောက်ကပြောပါတယ်။

ဒီနှစ်မှာ ဈေးထဲမှာ မရောင်းနိုင်ပေမယ့် လူမှုကွန်ရက်မီဒီယာပေါ်မှာ ကြော်ငြာခဲ့တဲ့အခါ ဖောက်သည်တွေက နားလည်ကြပါတယ်လို့ သူကဆက်ပြောပါတယ်။ မွတ်စလင်လူများစုရှိရာ နိုင်ငံတွေမှာ ရာမဒန်ဥပုသ်လဟာ အသင့်စားစရာတွေကို ရောင်းတဲ့ လမ်းဘေးဈေးသည်တွေအတွက် ဝင်ငွေတိုးတဲ့ ကာလပါ။ နေဝင်ချိန် ဝါဖြေပြီးရင် မိသားစုဆွေမျိုး မိတ်ဆွေစုဆုံပြီး ညနက်စာစားဖို့ ဈေးထွက်ဝယ်လေ့ရှိပါတယ်။ မလေးရှား အာဏာပိုင်တွေက နိုင်ငံတွင်း တစိတ်တပိုင်း အသွားအလာကန့်သတ်ချက်ကို မေလကုန်ထိ ချမှတ်ထားပါတယ်။ ဒါကြောင့် ထောင်နဲ့ချီတဲ့ လမ်းဘေးဈေးသည်တွေနဲ့ ခေါင်းရွက်ဗျပ်ထိုးဈေးသည်တွေ အင်တာနက်ပေါ် တက်လာခဲ့ကြပါတယ်။

အသေးစား စားသောက်ကုန်လုပ်ငန်းရှင် အများအပြားဟာ လူမှုကွန်ယက်ပေါ်ကနေ ဝယ်သူဆီတိုက်ရိုက်ရောင်းဖို့ ကြိုးစားပေမယ့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေနဲ့ ဝင်ငွေမျှယူရတဲ့အတွက် လုံလောက်အောင် အမြတ်မရဘူးလို့လည်း ဆိုကြပါတယ်။ ကပ်ဘေးအတွင်း အသွားအလာကန့်သတ်မှုကြောင့် ဈေးသည်အယောက်တစ်သိန်းလောက် စီးပွားရေး ဆိုးဆိုးရွားရွားအထိနာခဲ့တယ်လို့ မလေးရှားနိုင်ငံသား ခေါင်းရွက်ဗျပ်ထိုးဈေးသည်များနဲ့ အသေးစားကုန်သည်များ အသင်းက ခန့်မှန်းပါတယ်။ ရာမဒန်ဥပုသ်လအတွင်း သူတို့ရဲ့ စီးပွားရေးဆုံးရှုံးမှုက အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅ သန်းထိ ရှိလိမ့်မယ်လို့လည်းပြောပါတယ်။

**Source : DVB**

https://news.ydnp.net/343873/

## ကိုရိုနာကပ်ရောဂါကို တိုက်ဖျက်ရေးတွင် G20 နိုင်ငံများ ညီညွတ်ကြရန် ဂျပန်နိုင်ငံ ကျန်းမာရေး၊ အလုပ်သမားနှင့်လူမှုဖူလုံရေးဝန်ကြီးက တိုက်တွန်းခဲ့

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ပြန့်ပွားမှုအား ရင်ဆိုင်ကျော်လွှားရန် တစ်ကမ္ဘာလုံး၏ ကြိုးပမ်းဆောင်ရွက်မှုများကို ဦးဆောင်ကြရန် ဂျပန်နိုင်ငံ၊ ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံ ရေးဝန်ကြီး Mr. Kato Katsunobu က G 20 စီးပွားရေးအင်အားကြီးနိုင်ငံများကို အဆိုပြု တောင်းဆိုလိုက်ပါသည်။

ဧပြီလ ၁၉ ရက်နေ့တွင် အင်တာနက်မှတစ်ဆင့် ပြုလုပ်ခဲ့သည့် G 20 နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတွင် ယခုကဲ့သို့ အဆိုပြုခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ အစည်း အဝေးကို လက်ရှိ G 20 အဖွဲ့၏ သဘာပတိဖြစ်သည့် ဆော်ဒီအာရေးဘီးယားနိုင်ငံတွင် ကျင်းပရန် စီစဉ်ထားခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ အကြီးအကဲ ဖြစ်သူ Mr. Tedros Adhanom Ghebreyesus လည်း ပါဝင်တက်ရောက်ခဲ့ပါသည်။

ဗိုင်းရပ်စ်အလျင်အမြန်ကူးစက်ပြန့်ပွားနေခြင်းကြောင့် ကမ္ဘာပေါ်တွင် အပြောင်းအလဲများ ပြင်းထန်နေပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနည်းစနစ်များ ပိုမိုကောင်းမွန်လာမှု၊ ကုသမှုနှင့် ကာကွယ်ဆေးများ ဖော်ထုတ်နိုင်ရန် ပိုမိုလက်တွဲလုပ်ကိုင်ဆောင်ရွက်သွားကြရန် G 20 နိုင်ငံများကို Mr. Kato Katsunobu က တောင်းဆိုလိုက်ပါသည်။

ကျန်းမာရေးစောင့်ရှောက်မှုစနစ်အားနည်းသည့် အာဖရိကနှင့် အခြားဖွံ့ဖြိုးမှုနည်းပါးသည့် နိုင်ငံများတွင် ကုန်ပစ္စည်းသယ်ယူပို့ဆောင်သည့်စနစ်များ အားနည်းနေခြင်းကြောင့် အထောက်အပံ့ပစ္စည်းများ မလုံမလောက်ဖြစ်နေခြင်းနှင့် ရင်ဆိုင်နေရကြောင်း၊ မရှိမဖြစ်လိုအပ်သည့် ဆေးဝါးပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်ကြရန်၊ မျှမျှတတဖြန့်ဝေပေးကြရန်၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအတွက် အန္တရာယ်ရှိစေနိုင်သည့် ကုန်သွယ်ရေးဆိုင်ရာအဟန့်အတားများကိုလည်း ဖယ်ရှားပေးကြရန် Mr. Tedros က G 20 နိုင်ငံများအား တိုက်တွန်းခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဂျပန်**

## STOCK EXCHANGE (29.4.2020)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 29th Apr. 2020


**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,000 | -500 | -4.76% | 10,000 | 10,500 | 10,000 | 1,076 | 10,763,000 | 27,112,747 | 271,127 |
| MTSH | 00002 | 3,800 | +0 | +0.00% | 3,850 | 3,850 | 3,750 | 18,772 | 70,944,200 | 38,929,150 | 147,931 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 1 | 8,300 | 10,400,986 | 86,328 |
| FPB | 00004 | 22,500 | +500 | +2.27% | 22,000 | 22,500 | 22,000 | 440 | 9,899,500 | 2,472,053 | 55,621 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 2 | 5,600 | 12,823,224 | 35,905 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 435.92 | -9.00 | -2.02% | 436.44 | 445.82 | 433.60 | 20,291 | 91,620,600 | 5 | 596,912 |

**Index chart**



# Market Overview

As of 1:00 pm, 29th Apr. 2020

| MYANPIX | 435.92 ▼ 9.00 |
|---|---|
| Total Volume (shares) | 20,291 |
| Total Value (MMK) | 92 mil |
| Listed Company | 5 |
| Market Cap. (MMK) | 596,912 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,000 | ▼ 500 |
| MTSH | 00002 | 3,800 | ▲ 0 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 22,500 | ▲ 500 |
| TMH | 00005 | 2,800 | ▲ 0 |

TIR